Karenni Nationalities Defence Force

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့။

လွိုင်ကော်မြို့၊ ပန်ကန်းနှင့် မိုင်းလုံးရပ်ကွက်အတွင်း၊ ယနေ့ မနက်အစောပိုင်းမှ စ၍ ယခုအချိန်အထိတိုက်ပွဲပြင်းထန်နေပါသည်။ ယနေ့တိုက်ပွဲအတွင်းအကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ အနည်း ဆုံး (၄) သေဆုံးပြီး၊ အများအပြားထိခိုက် ဒဏ်ရာရနိုင်ပါသည်။

မိမိတို့ဘက်မှ လည်း ရဲဘော်သုံးဦးဒဏ်ရာရကာ၊ တစ်ဦးကျဆုံးခဲ့ပါသည်။ ကျဆုံးသွားသော ရဲဘော်အား အာဇာနည် သူရဲကောင်းအဖြစ်မှတ်တမ်းတင် အလေးပြုပါသည်။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်များမှ ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရခဲ့သည့်အပြင် အပြစ်မဲ့ ပြည်သူ (၆) ဦးသေဆုံးခဲ့ရပါသည်။ တိုက်ပွဲအတွင်း သေဆုံးခဲ့ရသော ပြည်သူများအတွက် KNDF မှ မိသားစုများနှင့် ထထူဝမ်းနည်းရပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များမှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခြင်း၊ အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ လူနေအိမ်များကို မီးရှို့ဖျက်စီးခြင်းများ ပြုလုပ်လျက်ရှိသဖြင့်၊ ရပ်ကွက်နေပြည်သူများ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးသိမ်းရှောင်နေရပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုမြို့နယ် (၅) မိုင်၊ (၆) မိုင် နှင့် ဒေါပိုးစီတို့တွင် နေအိမ် စုစုပေါင်း (၁၈ ) လုံးကို မီးရှို့ဖျက်စီးခဲ့ပါသည်။

မြို့ပြတိုက်ပွဲသည် လွိုင်ကော်မြို့အတွင်းသို့ ကူးစက်လာပြီးဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့၏ လုံခြုံရေးအတွက် စစ်ဘေးလွတ်ရာသို့ အမြန်ဆုံးသိမ်းရှောင်ကြပါရန်အထူးတိုက်တွန်းပါသည်။ KNDF အနေဖြင့် စစ်ကောင်စီတပ်များ အမြစ်ပြတ်သည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကျဆုံးသွားသော ရဲဘော်များနှင့် ပြည်သူများကို တိုင်တည်လျက် အဓိဋ္ဌာန်ပြုပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။